# ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
# ဗဟိုဌာနချုပ်
# ကော်သူးလေ

www.knuhq.org

နေ့စွဲ။ ။ မေလ (၉) ရက်နေ့၊ ၂၀၁၈ ခုနှစ်။

## မူတရော် (ဖါပွန်) ခရိုင်၊ တပ်မဟာ(၅) ဒေသအတွင်း
## တပ်မတော်ဘက်မှ တပ်အင်အား ထပ်မံတိုးချဲ့ လှုပ်ရှားမှုနှင့် ပတ်သက်၍
## ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်မှုတွင် ထိပ်တိုက်ရင်ဆိုင်မှုများ မဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး အပစ်ရပ်နယ်မြေအတွင်း လိုအပ်သည့် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို တပ်မတော်နှင့်တွေ့ဆုံညှိနှိုင်းဆောင်ရွက်ရန် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက စစ်ဘက်ရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ (MANT- Military Affair Negotiation Team) ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

မူတရော်(ဖါပွန်)ခရိုင်၊ တပ်မဟာ(၅) နယ်မြေအတွင်း ခေးပူနှင့် လယ်မူပလောဒေသတွင် မတ်လဆန်းမှစတင်၍ လမ်းဖောက်လုပ်ရေးဆောင်ရွက်မှုနှင့် ဆက်နွယ်သည့်တပ်မတော်မှ စစ်အင်အားတိုးချဲ့ပို့ဆောင်လှုပ်ရှားမှုများကြောင့် ဖြစ်ပွားခဲ့သောထိတွေ့မှုများကို ဆွေးနွေးရန် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC – U) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ တပ်မတော်နှင့် မိမိတို့၏ တပ်ဖက်ဆိုင်ရာခေါင်းဆောင်များ (MANT)အကြား မတ်လ(၂၉/၃၀) ရက်နေ့တွင် တပ်ပိုင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပရန်ရှိသော်လည်း တပ်မတော်ဘက်မှ ထိုညှိနှိုင်းအစည်းအဝေးကို KNLA တပ်မဟာ အမှတ်(၅) တပ်မဟာမှူး မပါဝင်သောကြောင့် အကြောင်းပြရွှေ့ဆိုင်းလိုက်ပါသည်။

ယခုအချိန်တွင် ဧပြီလ(၃၀)ရက်နေ့မှစတင်ပြီး တပ်မတော်မှ ဆက်လက်ပြီးတပ်အင်အားတိုးချဲ့ပို့ဆောင်လာခြင်း၊ ဒေသခံလူထုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရာ နေရာများဖြစ်သည့် လယ်ယာ၊ ရေနုတ်မြောင်း၊ တောင်ယာစသည့်နေရာများသို့ တပ်ဖြန့်လှုပ်ရှားလာသည့်အပြင် လမ်းဖောက်လုပ်ရန်အတွက် စက်ယန္တယားများကို ပိုမိုတိုးချဲ့ပို့ဆောင်ကာ တွေ့ဆုံညှိနှိုင်းမှုမပြုလုပ်ဘဲ မူလအစီအစဉ်အတိုင်း တစ်ဖက်သတ်ဆုံးဖြတ်လုပ်ဆောင်လာသည်ကို တွေ့ရှိရပါသည်။ ထိုဆောင်ရွက်မှုများကြောင့် ဒေသခံပြည်သူများမှာလည်း စိုးရိမ်ထိတ်လန့်ကာ အသစ်တဖန်ထပ်မံထွက်ပြေးတိမ်းရှောင်၍ ယခင်ကကဲ့သို့ အတိဒုက္ခနှင့် ရင်ဆိုင်ရပြန်ပါသည်။ ယင်းစစ်ရေးလှုပ်ရှားမှုများသည် NCA ပါ သဘောတူညီချက်ကိုအလေးအနက်မထားခြင်း၊ ဆွေးနွေးဘက်ကို မလေးစားခြင်းဟု ပြသရာရောက်ပေသည်။ ထို့ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ တပ်မတော်၏လုပ်ဆောင်မှုကို NCA ချိုးဖောက်မှုအဖြစ် အပြင်းအထန်ကန့်ကွက်ပြီး KNU ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ အောက်ပါအတိုင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

၁။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ပြဿနာများကို ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်း နည်းဖြင့်သာ ရေရှည်တည်တံ့ခိုင်မြဲသော နားလည်မှု၊ ယုံကြည်မှုကို တည်ဆောက်နိုင်သည်ဟု လေးလေး နက်နက်ယုံကြည်သည်။

၂။ ငြိမ်းချမ်းရေးတည်ဆောက်နေသည့်ကာလတွင် မလိုအပ်ဘဲ နားလည်မှု၊ ယုံကြည်မှုကို ပျက်ပြားစေမည့်ဆောင် ရွက်မှုများ၊ ရေရှည်အကျိုးကို ထိပါးစေမည့် လုပ်ဆောင်မှုများကို ရှောင်ကြဉ်ရန် လိုအပ်သည်။

၃။ ဤသို့ တပ်မတော်မှယုံကြည်မှုကို ပျက်ပြားစေမည့်တပ်အင်အားတိုးချဲ့လှုပ်ရှားမှုများ၊ လမ်းဖောက်လုပ်မှုများကို ရပ်ဆိုင်းထားရန် တောင်းဆိုသည်။

၄။ လတ်တလော ဖာပွန်ဒေသတွင် ဖြစ်ပွားနေသော တပ်မတော်မှ လမ်းဖောက်လုပ်ရေးအတွက် တပ်ရင်းသစ်များ ထပ်မံစေလွှတ်ခြင်းကြောင့် စစ်ရေးတင်းမာမှုနှင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပေါ်လာခြင်းများကို အမြန်ဆုံးနစ်ဖက် ညှိနှိုင်းဆွေးနွေးရန် လိုအပ်သည်။

၅ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများမကျင်းပမီ တပ်မတော်မှ လက်ရှိဆောင်ရွက်နေမှုများကို ဆက်လက်ဆောင်ရွက်ပါက မူတရော် (ဖါပွန်)ဒေသအတွင်း ဖြစ်ပေါ်လာသောပြဿနာနှင့် အကျိုးဆက်များကို တပ်မတော်မှ တာဝန်ယူရမည်ဖြစ်သည်။

၆။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို အခြေပြုသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းကို ကိုင်စွဲကာ နှစ်ပေါင်း(၇၀)နီးပါး ကြာမြင့်သည့် ညှိနှိုင်းဖြေရှင်းရန် ခက်ခဲသောပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ၏ အရင်းခံ ပြဿနာများကို စိတ်သဘောထားမှန်ကန်စွာဖြင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို ရှေးရှုပြီး တစိုက်မတ်မတ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း လေးနက်စွာ သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ဗဟိုဌာနချုပ်**


<u>ဆက်သွယ်ရန်</u>

၁။ ပဒိုစောကွယ်ထူးဝင်း (ဒုတိယဥက္ကဌ)
(+၆၆ ၈၁၈၀၇ ၆၂၇၉ ၊ +၉၅ ၉၄ ၂၂၁၉ ၁၉၄၁)
kwehtoowin@gmail.com

**၂။ ပဒိုစောတာဒိုမူး (အထွေထွေအတွင်းရေးမှူးချုပ်)**
(+ ၆၆ ၆ ၄၆၄၅ ၉၁၁၃၊ +၉၅၉၇၉၅၈၈၇၀၈၅
klomooo@yahoo.com